# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၅၀)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၁၀ ရက် ၊ ၆-၅-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် မေ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တစ်ပါတည်း သွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးမှု ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်ဝန်ထမ်းဟောင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၄ သို့ ◆




## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် မေ ၅

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ ဇလ

၂၀၂၅ ခုနှစ်၊ မေ ၆ ရက်၊ အင်္ဂါနေ့။

မန္တလေး

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ပညာရရှိရန်အတွက် စာသင်ကျောင်းများတွင် ဆည်းပူးရှာဖွေနိုင်သည်။ အသိပညာဟူသည်ကား ရှာ၍မကုန် ယူ၍မခန်းနိုင်သော သဘောရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတန်းပညာပြီးမြောက်သော်လည်း ပညာရရှိရန်အတွက် စာအုပ်၊ စာပေများကို အစဉ်တစ်စိုက်လေ့လာရမည်ဖြစ်သည်။ ထိုသို့ လေ့လာဖတ်ရှုနိုင်ရန် ဝယ်ယူ၊ ငှားရမ်း၍ ဖတ်ရှုကြရမည်ဖြစ်သည်။ မိမိဖတ်လိုသော စာအုပ်မျိုးစုံကို တစ်နေရာတည်းတွင် အလွယ်တကူဖတ်ရှုနိုင်သည်မှာ စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာအုပ်အမျိုးအစားစုံလင်ပြီး မိမိဖတ်ရှုလိုသော စာအုပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်သည်။

စာပေတွင် ရသစာပေနှင့် သုတစာပေဟူ၍ရှိရာ လူတို့၏ နှလုံးသားအာဟာရ၊ ဦးနှောက်အာဟာရတို့အတွက် စာပေတို့ကို ဖတ်ရှုသင့်ကြသည်သာဖြစ်သည်။ ရသအဖွဲ့စာပေတို့ကို ဖတ်ရှုရသည့်အခါ စာပေ၏အစွမ်းကြောင့် စာဖတ်သူသည် မိမိပတ်ဝန်းကျင်နှင့် သတ္တလောက၊ ဩကာသလောကတို့ကို သတိပြုလာစေပြီး ကြည့်တတ်၊ မြင်တတ်လာစေသည်။ လောကတို့၏ သဘာဝနှင့် အလှအပတို့အပေါ် နားလည်ခံစားမှုတို့မှတစ်ဆင့် အပြုသဘောအမြင်များ၊ ချစ်ခင်တွယ်တာမှုများ၊ စိတ်ကောင်းနှလုံးကောင်းများ စသည်တို့ ဖွံ့တည်လာသည်။ ထိုအခါ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့မှာလည်း စာဖတ်သူ၏ စိတ်သန္တာန်တွင် ကိန်းအောင်းလာသည်။ ဘဝအောင်မြင်ရေးအတွက် အရေးပါသည့် အရည်အသွေးများဖြစ်သော အီးကျူ (EQ: Emotional Intelligence) ခေါ် စိတ်နှလုံးခံစားမှုအရည်အသွေး၊ စီကျူ (CQ: Culture Intelligence) ခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုများ၊ လူ့အဖွဲ့အစည်းများအပေါ် နားလည်လက်ခံနိုင်စွမ်းရှိသည့် အရည်အသွေးစသည်တို့ကိုလည်း ရသစာပေကောင်းများကို ဖတ်ရှုရာမှ ရရှိနိုင်သည်။

သုတစာပေကမူ အသိပညာဗဟုသုတတို့ တိုးပွားစေသည့် စာပေမျိုးဖြစ်ပြီး အသိအမြင်၊ အတွေးအခေါ်တို့ကို ကျယ်ပြန့်စေသည်။ စာပေမှရရှိသည့် ဘဝအတွေ့အကြုံတို့ကြောင့် ပိုမိုရင့်ကျက်သူဖြစ်စေသည်။ လူ့အဖွဲ့အစည်းတွင် ဉာဏ်ပညာ ဗဟုသုတပြည့်စုံသူ၊ စောင့်စည်းမှုရှိသူ၊ ရင့်ကျက်တည်ငြိမ်သူတို့မှာ ရှေ့တန်းမှ ဦးဆောင်တာဝန်ရယူကြရသည်။ သို့ဖြစ်သည့်အလျောက် သုတဖြစ်စေ၊ ရသဖြစ်စေ စာကောင်းပေမွန်တို့ကို ငယ်စဉ်ကာလကပင် စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အထတို့ ရှိကြဖို့လိုသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ အရွယ်လိုက် စာပေကိုဖတ်ရှုကြရန် ပျိုးထောင်ပေးဖို့လည်းလိုအပ်သည်။ ပညာပြည့်ဝနှလုံးလှရန်အတွက် လူတိုင်း မိမိကိုယ်ကိုမြှင့်တင်ရန် မဖြစ်မနေလုပ်ရမည့်အလုပ်မှာ စာတတ်သူတိုင်း စာဖတ်ကြရန်ပင်ဖြစ်သည်။ စာအုပ်ဝယ်ဖတ်ရန် ငွေကြေးမရင်းနှီးလိုသူများ၊ လူငယ်လူရွယ်၊ ကျောင်းသား၊ ကျောင်းသူများ ငွေကုန်ကြေးကျမရှိ စာဖတ်နိုင်သည့်နေရာမှာ စာကြည့်တိုက်များပင်ဖြစ်သည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ စာကြည့်တိုက်များ၏ လုပ်ငန်းယန္တရားလည်ပတ်မှုသည် စာဖတ်သူတို့ များပြားစည်ကားသည်နှင့်အမျှ ပိုမိုသွက်လက်လှုပ်ရှားလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာ၊ ဗလငါးတန်တို့ ပြည့်စုံရေးအတွက် လူငယ်လူရွယ်တိုင်း စာကောင်းပေမွန်များ ဖတ်ရှုနိုင်ရေး အနီးဆုံးစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် သွားရောက်နိုင်ရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

## မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်းပိုင်းနေရာ (မိတ္ထီလာတောင်ကန် ကန်ပေါင်) ပြိုကျပျက်စီးမှု ပြုပြင်တည်ဆောက်လုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကြည့်ရှုစစ်ဆေး



**မိတ္ထီလာ မေ ၅**

မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းပိုင်းနေရာ(မိတ္ထီလာတောင်ကန် ကန်ပေါင်)ပြိုကျပျက်စီးမှု ပြုပြင်တည်ဆောက်နေမှု လုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ယနေ့နံနက် ၁၀ နာရီက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ကန်ပေါင် မြေပြိုကျခြင်းနှင့် အက်ကြောင်းဖြစ်ပေါ်ခြင်းအား ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထိန်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဖြစ်သည့် ပယ်မြေဖယ်ရှားခြင်းလုပ်ငန်း၊ Sand & Gravel Mixture ခင်းခြင်းလုပ်ငန်း၊ ကန်ပေါင်မြေဖို့ခြင်းလုပ်ငန်းနှင့် ရေစစ်ရိုးကျောက်စီခြင်းလုပ်ငန်းများ ၉၉ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်းကိုလည်းကောင်း၊ လမ်းပိုင်းတည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်သည့် ယုဇန ကုမ္ပဏီမှတာဝန်ရှိသူက ကန်ပေါင်တွင် ပြန်လည်တည်ဆောက်မည့် လမ်းလွှာဒီဇိုင်းနှင့်ပတ်သက်၍ ယခင်အသုံးပြုခဲ့သော လမ်းလွှာဒီဇိုင်းဟောင်းထက် တမံအပေါ်အား သက်ရောက်မှုညီညာပျံ့နှံ့ပြီး သက်သာစေသောလမ်းလွှာဒီဇိုင်းဖြစ်ပါကြောင်း၊ ယခုပြန်လည်တည်ဆောက်မည့်လမ်းပိုင်းကို ကျောက်ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်ပြီး မိုးရာသီကုန်ချိန်တွင် နိုင်လွန်ကတ္တရာခင်းခြင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် သွားလာဆက်သွယ်မှုအဆင်ပြေစေရန်အတွက် လမ်းတစ်ခြမ်းပိတ်၍ လုပ်ငန်းများဆောင်ရွက်ကာ ကျန်တစ်ခြမ်းတွင် လုပ်ငန်းသုံးမော်တော်ယာဉ်များသွားလာနိုင်ရန် ဖွင့်ထားပါကြောင်း စသည့်လုပ်ငန်းကိစ္စရပ်များကို တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ရန်ကုန်-မန္တလေးကားလမ်းပိုင်းနေရာ(မိတ္ထီလာတောင်ကန် ကန်ပေါင်) ပြိုကျပျက်စီးမှု ပြုပြင်တည်ဆောက်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများအဆင်ပြေချောမွေ့စွာ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၇၃လမ်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ရှေ့၊ ပြည်ကြီးတံခွန်မြို့နယ် ၁၂၆လမ်း၊ ၅၈ လမ်း၊ ၅၈ အေလမ်းကြား၊ (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၆ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း၊ ဧပြီ ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ မြန်မာသတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်ရှေ့တွင်လည်းကောင်း၊ ဧပြီ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမွှောရုံ၊ စစ်ကိုင်း-မန္တလေးအရှေ့ဘက်တို့တွင်လည်းကောင်း၊ မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၅) ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၅)
( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၇ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေတွင်ပါရှိသော "Ministry of Transport" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Magistrate" နှင့် "Magistrate of the first class" ဆိုသည့် စကားရပ်များကို "Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Department of Marine Administration" ဆိုသည့်စကားရပ်ကို "Department" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

1. Unless otherwise expressly provided, the following expressions contained in this Act shall have the meanings given hereunder:
   (a) **Government** means the Union Government of the Republic of the Union of Myanmar;
   (b) **Ministry** means the Ministry of Transport and Communications of the Union Government;
   (c) **Department** means the Department of Marine Administration of the Ministry of Transport and Communications;
   (d) **Myanmar ship** means any ship registered under this Act; and
   (e) **Court** means any appropriate court having jurisdiction in the matter relating to this Act.

၄။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

1A. (a) No ship shall be deemed a registered ship unless it has been registered by the registering-officer of any port in Myanmar and holding a valid Certificate of Registry as required by any provisions of this Act.
   (b) Forms of Certificates of Registry, their validity and fees to be paid shall be such as may be prescribed by the Ministry.

၅။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၂၊ ၃၊ ၄၊ ၇ နှင့် ၈ တို့တွင်ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

5. (a) No registry shall be made or no certificate shall be granted until the declaration, in which the following stated particulars are true and to the best of his knowledge and belief, shall be made or subscribed before the registering-officer by the owner or major part of the owners of ship required to be registered:
   (1) name of the ship and its tonnages;
   (2) a statement of the date when and the place where the ship was built, or if the date and place of building are not known, a statement that the declarant does not know the date and place of the building of the ship;
   (3) a statement as to the owner of the ship and the citizenship of such owner, and if the ship is owned by more than one person, the number of shares each is entitled to;
   (4) a statement of the name of the master of the ship and his citizenship;
   (5) a statement that no other person (other than those declared) is entitled as owner to any legal or beneficial interest in the ship or any share thereof;
   (6) a statement of the name and citizenship of the operator who operates the ship other than owner mentioned under clause (3); and
   (7) such other particulars as may be prescribed.
   (b) The registrar may demand proof of ownership to his satisfaction before proceeding with the registry of a ship.

၇။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅-က တွင်ပါရှိသော "section 1" ဆိုသည့် စကားရပ်ကို "section 1A" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၅-က ၏ နောက်တွင် ပုဒ်မ ၅-ခ နှင့် ၅-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

5B. (a) No person shall be qualified to own a Myanmar ship unless such person shall be any of the followings:
   (1) a citizen of Myanmar;
   (2) a company or a body established in Myanmar which satisfies the following requirements:
      (i) the company or a body is incorporated in Myanmar;
      (ii) the principal office of the company or a body is in Myanmar;
      (iii) the management of the company or a body is undertaken in Myanmar;
      (iv) the majority of the shareholding, or the percentage of such shareholding as may be determined by the Ministry under sub-section (b), including the voting share, of the company or a body is held by Myanmar citizens independent of any influence by any person other than Myanmar citizens; and
      (v) the majority, or the percentage of the shareholding as may be determined by the Ministry under sub-section (b), of the directors of the company or a body are Myanmar citizens.
   (b) The Ministry may, by notification, determine:
      (1) the percentage of the shareholding, including voting share; and
      (2) the percentage of the directors of the company or a body required to be Myanmar citizens.
   (c) In addition to the requirements prescribed in sub-section (a), other requirements may be prescribed by the Ministry.
   (d) Documents pertaining to shareholding shall be developed by the company or the body as may be required by the registrar of ships.

5C. (a) The Department shall take administrative action against any person who fails, without reasonable cause, to register as per the requirements shall be liable to pay a fine not exceeding ten percent of the value of the ship to the Department.
   (b) Any person who fails to comply with sub-section (a) shall, on conviction before a Court, be punished with imprisonment for a term not exceeding twelve months and the subject ship may be confiscated.
   (c) If it is failed to discover or determine ownership of the ship, it may be seized as the property of the Government by the Ministry.

၉။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

8A. The Ministry may delegate its duties and powers conferred in section 3, 4, 7 and 8 to the Department.

၁၀။ မြန်မာနိုင်ငံသင်္ဘောများ မှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "before him" ဆိုသည့် စကားရပ်ကို "before it" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၅

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ် ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံ သင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့် ပစ်ဖောက်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း / တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ကိုးသင်းနှင့် အမျိုးသမီး ကိုးသင်းတို့ဖြင့် မေ ၁၄ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မလိုအပ်သော
မီးများကို
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို
ချွေတာပါ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◆ ရွှေဖုံးမှ

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသွားသူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သပြီး (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်းတင် ဗီဒီယိုအား ပြသသည်။



### ဂုဏ်ပြုပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် အချက်များအား နားလည်သဘောပေါက်အောင် အသိပညာပေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတပ်ဖွဲ့၏ ရပ်တည်ချက်များ၊ ရည်မှန်းချက်တာဝန်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များအား ကောင်းမွန်စွာ သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထူးလိုအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ ၆၅၃ဦးနှင့် သေဆုံးသူ ၇၈၉ ဦးတို့အား ရှာဖွေကယ်ဆယ်ထုတ်ယူနိုင်ခဲ့ခြင်း အပေါ် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များမှ မီးသတ်ဦးစီးဌာနအပေါ် လေးစားချီးကျူးရသည်အထိ နိုင်ငံတကာအဆင့်မီ စွမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့် နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကို မျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power၊ Equipment Power နှင့် Technological Power တို့ကို ဟန်ချက်ညီညီ တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းပညာများ အသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင် ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း" ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်သူလူထု မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး သီချင်းဖြစ်သည့် 'မီးသတိပြု'သီချင်းအား သီဆိုခဲ့သူ အဆိုတော် ဦးထွန်းရွှေ၊ မီးသတ်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အသက် ၉၀ နှင့်အထက် သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ သန္ဓေတပ်ဖွဲ့ဝင် နှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရဲဗလတံဆိပ်ရရှိသူ နှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ စံပြဆုရရှိသူ တစ်ဦး၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲတွင် အဖွဲ့လိုက်ဆုရရှိသူများနှင့် လူမှုထူးချွန်(ပထမအဆင့်)ရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

### စွမ်းရည်သရုပ်ပြ ကြည့်ရှုအားပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည် သရုပ်ပြခြင်းအစီအစဉ်များအား ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး၊ မီးသတ်ပစ္စည်းကိရိယာ ပြခန်းနှင့် လေ့ကျင့်ရေးကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းနှင့် ခေတ်မီ မီးသတ်ယာဉ်/ စက်၊ ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာအား လိုက်လံကြည့်ရှုကြသည်။(ဓါတ်ပုံ)

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

သမိုင်းကြောင်းအရ ၁၉၄၆ ခုနှစ် မေ ၅ ရက် တနင်္ဂနွေနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ၁၉ ခရိုင်မှ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်အစည်းအရုံးခွဲများမှ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ ကိုယ်စားလှယ် ၁၉၇ဦးအား စုစည်းပြီး ပထမဆုံးအကြိမ် "ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကြီး"ကို ရန်ကုန်မြို့ ကန်တော်လေးတွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက် မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ထိုနေ့ကို အစွဲပြုကာ နှစ်စဉ် မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့ ကျင်းပပြုလုပ်သည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာန၊ မီဒီယာအဖွဲ့

ကမ္ဘာ့ကြက်ခြေနီနေ့
World Red Cross Day
လူသားချင်းစာနာထောက်ထား
On the side of HUMANITY
၂၀၂၅ခုနှစ်၊ မေလ(၈)ရက်

## ၅ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၇၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၅

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# မန္တလေးလျှင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၅

မန္တလေးလျှင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)





အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ လျှင်သမိုင်းကြောင်းနှင့် မန္တလေးလျှင်ကြီး လှုပ်ခတ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှတ်တမ်း ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား လုပ်ဆောင်နေသည့်အချိန်ဖြစ်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ခွန်အားပေးနိုင်ရန် အနုပညာရှင်များအနေဖြင့် ကြိုးပမ်းပေးရမည်ဖြစ်ကြောင်း၊ နောင်တွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဟု နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသည့်အတွက် ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် အဖြစ်ဆိုးများ နောင်တွင် မကြုံတွေ့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါတိုင်း မိမိတို့တတ်ကျွမ်းသည့် အနုပညာစွမ်းအားဖြင့် ရန်ပုံငွေရှာဖွေ ပါဝင်ကူညီခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် မည်သို့ပင်အခက်အခဲများ ကြုံတွေ့ရသည်ဖြစ်စေ အနုပညာရှင်များက ပြည်သူများအား အနုပညာဖြင့် ဖမ်းစားနိုင်သည့်အတွက် ပြည်သူများ၊ ဝန်ထမ်းများအား မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ပျော်ရွှင်တက်ကြွစေပြီး စိတ်ခွန်အားဖြည့်ပေးကြစေလိုပါကြောင်း၊ မေ ၁၀၊ ၁၁၊ ၁၂ ရက်တွင် အမျိုးသားကဇာတ်ရုံ(ရန်ကုန်)၌ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များစုပေါင်း၍ ရန်ပုံငွေပဒေသာကပွဲ ကျင်းပရန် စီစဉ်ထားပြီးဖြစ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကြစေလိုကြောင်း၊ ယခု ပဒေသာကပွဲသည် ရန်ပုံငွေရရှိရေးသက်သက်သာ မဟုတ်ဘဲ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုကို ပြသသည့်ပွဲလည်းဖြစ်သဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါ ဟု ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးချစ်မျိုးထိုက်၊ မန္တလေးလျှင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေ ပဒေသာကပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးချမ်းသာကြည်စိုးနှင့် တက်ရောက်လာကြသူများက မန္တလေးလျှင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မန္တလေးလျှင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် မေ ၁၀ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ညနေ ၅နာရီခွဲမှ ည ၁၀နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မစိုးရိမ်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး မေ ၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးဒေါ်နုမြဖံ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မစိုးရိမ်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုများနှင့် ကျောင်းတိုက်အတွက် လိုအပ်သည့်နေရာတွင် အသုံးပြုရန် နဝကမ္မအလှူငွေများ လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာမုနိဘုရားသို့ ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားသည့် အဆောက်အအုံများ ရှင်းလင်းရာတွင် သဲ၊ ခဲ ရှင်းလင်း၍ မှန်များကြွခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီ သီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်သင့် အဆောက်အအုံများ၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂ လမ်း၊ ၃၃x၃၄ လမ်းကြားတွင် တည်ရှိသည့် မြို့မနှစ်ခြင်းအသင်းတော်ဘုရားကျောင်း (မေရီဘုရားရှိခိုးကျောင်း)၊ ပင်းယဂူကြီးသုံးလုံး၊ သတ္တဌာနဝင် ရွှေစည်းခုံစေတီတော်ကြီး၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ မဟာစန္ဒာမုနိစေတီတော်၊ ရှင်လွန်းမယ်ဘုရား၊ မြေစွန်းဝန်ဘုရား၊ သားတော်ရာဘုရားများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများအား ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များပါ ခံနိုင်ရည်ရှိသည့် ဒီဇိုင်းကို ထည့်သွင်းစဉ်းစားတွက်ချက်၍ အရည်အသွေးစံချိန်စံညွှန်းမီ ပြုပြင်သွားရန် မှာကြား၍ ဘုရားများပြုပြင်ရန် ဂေါပကအဖွဲ့များထံ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# စဉ့်ကိုင်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအား Day Camp စခန်းသွင်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချ



စဉ့်ကိုင် မေ ၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်တွင် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ကျင်းပဖြေဆိုမည်ဖြစ်ရာ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောင်းများတွင် ပြန်လည်ဖြေဆိုရန် ဆန္ဒရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မေ ၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချ ပေးလျက်ရှိသည်။ (ဓာတ်ပုံ)

စဉ့်ကိုင်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြန်လည်ဖြေဆိုရန် ဆန္ဒရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားစေရန် စခန်းများ ဖွင့်လှစ်၍ ဆက်လက်လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပြန်လည်လေ့ကျင့်နိုင်ရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ တက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် မေ ၅

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒွိတာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံ အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ် စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ ဒီမှာသင်တန်းတက်ရတာ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ရတာဖြစ်လို့ဂုဏ်ယူပါတယ်။ သင်တန်းမှာ အတူတူတက်ခဲ့တဲ့ ညီအစ်ကိုတွေကိုလည်း အချင်းချင်း ကူညီ စောင့်ရှောက်ပေးတာတွေရယ်၊ စည်းကမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း နည်းပြတွေက ပြောဆိုဆုံးမကြပါတယ်။ နည်းပြအားလုံးလည်း တော်ကြပါတယ်။ ကျွန်တော်တို့ကို သားသမီးသဖွယ် စောင့်ရှောက်ပြီး စစ်ပညာပိုင်းဆိုင်ရာကိုလည်း အားလုံးကို တတ်မြောက် ကျွမ်းကျင်အောင် သင်ပေးကြပါတယ်။ သင်တန်းသားတွေကလည်း ဘယ်နေရာပဲဖြစ်ဖြစ် အကုန်လုံး အဆင်ပြေပြေ လုပ်နိုင်ကြပါတယ်။ သင်ခန်းစာတွေကတော့ စစ်ရေးကျွမ်းကျင်မှုနဲ့ပတ်သက်ပြီး အကုန်လုံး သင်ကြားရပါတယ်။ အကုန်လုံးလည်း တတ်မြောက်ကျွမ်းကျင်ကြပါတယ်။ ဘယ်နေရာပဲ ရောက်ရောက် ကျွန်တော်တို့က အကောင်းဆုံးလုပ်မယ်ဆိုတာကိုပဲ တွေးထားပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၀) မှာ ကျွန်တော်ရရှိတဲ့ဆုကတော့ စံပြတပ်သားဆုဖြစ်ပါတယ်။ ဆုရရှိအောင် ကြိုးစားခဲ့တာကတော့ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ကြံ့ခိုင်ရေး၊ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်ရေးဗျူဟာ ဘာသာရပ်နဲ့ အခြား အထွေထွေဗဟုသုတတွေကို သင်ကြားပေးတဲ့အတိုင်း လိုက်နာ ဆောင်ရွက်တဲ့အတွက် အခုလိုဆုရရှိတယ်လို့ ထင်မိပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံတော်တာဝန်ကို အခုလို တစ်ထောင့် တစ်နေရာကနေ တာဝန် ထမ်းဆောင်ရမှာဖြစ်တဲ့အတွက်ဂုဏ်ယူမိပါတယ်။ တာဝန်ကျရာတပ်တွေကို ရောက်တဲ့အခါမှာ ကျောင်းတော်ကြီးက သင်ကြား လေ့ကျင့်ပေးလိုက်တဲ့ ပညာရပ်တွေနဲ့ အလေ့အကျင့်ကောင်းတွေကို လေ့ကျင့်အသုံးချပြီးပေးအပ်တဲ့တာဝန်ကိုအကောင်းဆုံးကျေပွန်စွာ ထမ်းဆောင်သွားပါမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဆိုတာ နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့် အမျိုးသားရေးတာဝန်ဖြစ်တာကြောင့် နောက်ထပ်ဖွင့်လှစ်မယ့် ပြည်သူ့စစ်မှုထမ်း သင်တန်းတွေမှာ ညီငယ်တွေအနေနဲ့ နိုင်ငံသားတာဝန်၊ အမျိုးသား တာဝန်ကျေပွန်အောင် တက်ရောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

၃။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လာရောက်တက်ခဲ့တာဖြစ်ပါတယ်။ သင်တန်းကာလမှာ ကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေကို သင်ကြားပေးတဲ့ ဆရာတွေ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုတွေနဲ့ ကျော်လွှားခဲ့ပါတယ်။ သင်တန်းတက်ခါစတုန်းကတော့ ပင်ပန်းတယ်လို့ထင်မိပါတယ်။ နောက်ပိုင်းကျတော့ နေသားကျသွားတဲ့အတွက် ပင်ပန်းမှုဒဏ်ကို မခံစားရတော့ပါဘူး။ ဒီသင်တန်းကို တက်ရောက်ပြီး သွားတဲ့အခါမှာ ကျွန်တော် စည်းစနစ်တကျ နေထိုင်တတ်သွားတယ်လို့ ခံစားမိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ အမျိုးသားတိုင်း ထမ်းဆောင်ရမယ့် တာဝန်ဖြစ်လို့ နောက်ထပ် လာရောက်တက်ကြမယ့် ညီငယ်လေးတွေကို လာရောက်တက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။







ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၀) မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲခတ်ပုံမြင်ကွင်း



မန္တလေးတိုင်းဒေသကြီး နယ်မြေခံသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကျောင်းအုပ်ကြီးက သင်တန်းဆင်းတပ်ခွဲအား လိုက်လံစစ်ဆေးစဉ်။



ရှမ်းပြည်နယ် (တောင်ပိုင်း) နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

## ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်း

နေပြည်တော် မေ ၅

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်

ယခုအခါ ဧပြီလ ၂၈ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးအစား အပေါ်မူတည်၍ ဖြန့်ခွဲပေးပို့လျက်ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းမည့် ဒီဇယ်ဆီ တန် ၃၀,၀၀၀၊ ဓာတ်ဆီ တန် ၂၀,၀၀၀၊ ယာယီနေအိမ်အဖြစ်အသုံးပြုရန် Prefabricated House အလုံး ၄၅၀၀ နှင့် ယာယီရုံးအဖြစ်အသုံးပြုရန် Prefabricated Office အလုံး ၅၀၀ တို့အနက် ၂-၅-၂၀၂၅ ရက်နေ့တွင် ဒီဇယ်ဆီ တန် ၁၈,၀၀၀ နှင့် Prefabricated Office အလုံး ၃၄၀ သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ဒီဇယ်ဆီ တန် ၁၈,၀၀၀ ကို ရန်ကုန်မြို့ သီလဝါ Terminal တွင် ခေတ္တထိန်းသိမ်းထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

Prefabricated Office အလုံး ၃၄၀ ကို ၄-၅-၂၀၂၅ ရက်နေ့တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် သယ်ဆောင်လျက်ရှိရာ ရောက်ရှိပါက ဝန်ကြီးဌာနအသီးသီးသို့ ဖြန့်ခွဲ၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုကာ ဌာန၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ခွဲဝေထောက်ပံ့

ရက်သတ္တပတ် ၁ ပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ ဆောင်ရွက်ပေးခဲ့ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ၈ စီး ဖြစ်ပါသည်။

### ဆက်လက်ထုတ်ပြန်

နိုင်ငံတကာအလှူရှင်များမှ ၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကိုပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်း၊ လက်ခံမှု ဆောင်ရွက်စဉ်။



တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်း မိုးကာတဲများ ရောက်ရှိစဉ်။



တရုတ်၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဆိုက်ရောက်လာစဉ်။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းမှ နေပြည်တော်သို့ မီးရထားဖြင့် သယ်ဆောင်စဉ်။

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ



အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကူညီထောက်ပံ့ပစ္စည်းများ ရောက်ရှိလာစဉ်။



တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဒီဇယ်ဆီ ၁၈,၀၀၀ တန် သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ လွှဲပြောင်းလက်ခံစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ငလျင်ဘေးသင့်ပြည်သူများအား အလှူပစ္စည်းများ ဖြန့်ခွဲပေးအပ်စဉ်။




မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာမှပေးအပ်သည့် အလှူပစ္စည်းများ ဖြန့်ခွဲပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတကာမှပေးအပ်သည့် အလှူပစ္စည်းများ ဖြန့်ခွဲပေးအပ်စဉ်။



ရှမ်းပြည်နယ်အတွင်း နိုင်ငံတကာမှလှူဒါန်းသည့် မိုးကာတဲများ စီစဉ်ဆောင်ရွက်ထားရှိစဉ်။

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်
## (၃၀-၃-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၅၃၃၁ | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၁၈ | ၅၃၇၈ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၄၂၅ | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၀၀၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၂၄ | ၁၅၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၁၈ | ၁၆၀၄ | |

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၅၈ | ၄ | ၇ | - | ၁၃ | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၆ | ၁၈ | ၃၈ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၃၀၀၀ | ၇၀၁၂ | ၄၇၆၀ | ၁၁၀၃ | ၁၂၃ | - | ၂ | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆၅ | ၁၉ | ၃၁ | ၆ | ၇ | - | ၂ | |
| | | ဖာ | ၃၅၅၄ | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | ၁၄၅၁ | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၂ | - | ၁ | - | ၂ | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၅၈၈ | ၂၆ | - | - | - | ၁၅၆၂ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

## ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | Sleeping Beds | ဖာ | ၂၇ | ၁၂ | - | - | ၂ | ၁၃ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၅ | ၁ | - | - | ၂ | ၂ | |
| ၃ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၅ | ၂ | - | - | ၁ | ၂ | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆ | ၁ | - | - | ၃ | ၂ | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၁ | ၁ | - | - | - | - | |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၁၅၀ | - | - | - | - | - | ၁၁၅၀ | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | ၇ | - | - | - | - | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

## အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၈-၄-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | ဖာ | ၇ | - | - | - | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |




## ပရီးမီးယားလိဂ် (၆)ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ် မန်ချက်စတာယူနိုက်တက်အသင်း ပိုင်ဆိုင်



**မန်ချက်စတာ မေ ၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် နောက်ဆုံးဆယ်စုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ် ခြောက်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ (ဝဲပုံ)

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းသည် ဘရန့်ဖို့ဒ်အသင်းအား လေးဂိုး၊ သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်း ပရိသတ်များကလည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ ကစားပုံကို စိတ်ပျက်လျက်ရှိနေကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၅ ပွဲကစားပြီးတွင် ရမှတ် ၃၉မှတ်ဖြင့် အဆင့် ၁၅နေရာတွင် ရပ်တည်လျက်ရှိသည်။ (NGB)



## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဘွန်ဒက်လီဂါ ချန်ပီယံဆုအား ဘိုင်ယန်မြူးနစ်အသင်း ဆွတ်ခူး

**မြူးနစ် မေ ၅**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဘွန်ဒက်လီဂါချန်ပီယံဆုအား ဘိုင်ယန်မြူးနစ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါပွဲစဉ် ၃၂ ပွဲကစားပြီး ရမှတ် ၇၆မှတ်အထိရရှိထားကာ ဒုတိယနေရာမှ လေဗာကူဆင်အသင်းအား ၈မှတ်အထိဖြတ်ထားနိုင်မှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ဘွန်ဒက်လီဂါ ချန်ပီယံဆုအား (၃၄)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

(အပေါ်ပုံ)(NGB)

## 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Casper Ruud ဆွတ်ခူး

**မက်ဒရစ် မေ ၅**


စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နော်ဝေ တင်းနစ်ကစားသမား Casper Ruud က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper အား ၇-၅၊ ၃-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ Casper Ruud က "ကျွန်တော်အခုလို2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(ဝဲပုံ)(NGB)



## နည်းပြ ဂျော့ချ်ဂျီးဆပ်အား နည်းပြရာထူးမှ အယ်လ်ဟီလယ်အသင်းထုတ်ပယ်

**လန်ဒန် မေ ၅**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလယ်အသင်းသည် အသင်းနည်းပြ ဂျော့ချ်ဂျီးဆပ်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ နည်းပြသည် အယ်လ်ဟီလယ်အသင်းအား ၂၀၂၃ခုနှစ် ဇူလိုင် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲစုံ ၁၀၅ ပွဲ ကိုင်တွယ်ရာ ၈၁ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၁၀ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားပြီး ထင်သလောက်ရလဒ်များ ဆိုးရွားခြင်းမရှိသော်လည်း အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။

အယ်လ်ဟီလယ်အသင်း ထုတ်ပြန်ချက်တွင် "နည်းပြ ဂျော့ချ်ဂျီးဆပ်အား ရာထူးမှထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

## ဇင်ချန်ကို အာဆင်နယ်အသင်းမှ ထွက်ခွာသွားမည်

**လန်ဒန် မေ ၅**

အာဆင်နယ်အသင်း နောက်ခံကစားသမား ဇင်ချန်ကိုသည်ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဒေါ့မွန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဇင်ချန်ကိုသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဒေါ့မွန်အသင်းအနေဖြင့် အာဆင်နယ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိသော ဇင်ချန်ကိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)




## ဆာမူအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်းစီစဉ်

**လန်ဒန် မေ ၅**

အက်စတွန်ဗီလာအသင်းသည် ပေါ်တိုအသင်း တိုက်စစ်မှူး ဆာမူအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပေါ်တိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားပြီး ၂၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ပေါ်တိုအသင်းကလည်း ဆာမူအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ပေါ်တိုအသင်းထံမှ ဆာမူအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)(NGB)




## မက်ဒီဆင် ဒူးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိ

**လန်ဒန် မေ ၅**

စပါးအသင်း ကွင်းလယ်ကစားသမား မက်ဒီဆင်သည်ဒူးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။ (အောက်ပုံ)

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် စပါးအသင်းက ဘိုဒိုဂလင့်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။



ကွင်းလယ်ကစားသမား မက်ဒီဆင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မက်ဒီဆင်သည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ ပွဲ ကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (NGB)

## ဂျပန် နောက်ခံလူ အိုင်ဇူအား ခေါ်ယူအားဖြည့်

ပြည်တွင်း၌သာမက ပြည်ပပြိုင်ပွဲများတွင်ပါ အောင်မြင်မှုရရန် အင်အားဖြည့်တင်းမှုများပြုလုပ်နေသော ရှမ်းယူနိုက်တက်အသင်းသည် ဂျပန်နောက်ခံလူ ယူကီအိုင်ဇူအား ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ် အိုင်ဇူသည် ညာသန်ကစားသမားဖြစ်ပြီး ညာနောက်ခံ၊ ဘယ်နောက်ခံလူနေရာတို့တွင် ကစားနိုင်သူဖြစ်သလို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်ကလည်း နယူးဇီလန် ပထမတန်းကလပ် Auckland City FC တွင် ဘယ်နောက်ခံလူအဖြစ် ကစားခဲ့ကာ အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ရှမ်းယူနိုက်တက်အသင်းက ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။




ရှမ်းပြည်နယ် ကိုယ်စားပြုအသင်းသည် ပြီးခဲ့သော Myan-mar National League 2024-25 ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သောကြောင့် Shopee ပြိုင်ပွဲ၊ AFC Challenge League ပြိုင်ပွဲတို့ကို မြန်မာနိုင်ငံကိုယ်စားပြုကာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားကြောင်း သိရသည်။ (ဝဲပုံ)

(NGB)

## ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) ဒုတိယအကျော့ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | ပထမအကျော့ ရလဒ် | အဖွဲ့ (အိမ်/ဧည့်သည်) | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၅-၂၀၂၅ နံနက်၀၁း၃၀နာရီ | အင်တာမီလန် - ဘာစီလိုနာ (အီတလီ-၂) (စပိန်-၁) | ဘာစီလိုနာ ၃-၃ အင်တာမီလန် | အင်တာမီလန်(အိမ်) | ၁၈ | ၁၃ | ၃ | ၂ | ၃၀ | ၁၉ |
| | | | ဘာစီလိုနာ(ဧည့်) | ၁၇ | ၁၂ | ၃ | ၂ | ၄၅ | ၁၉ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရှိစေရေးအတွက် ရေအရင်းအမြစ်များကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှု





**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏ နှစ်စဉ်တိုးတက်လျက် ရှိပြီး သောက်သုံးရေနှင့်စိုက်ပျိုးရေများအတွက် ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးနှင့် ရေဖူလုံမှုရှိစေရေးအတွက် ရေအရင်းအမြစ်များကို အခြေခံ၍ ရေသိုလှောင်နိုင်မှုနှင့်ရေတိုးချဲ့ဖြန့်ဝေပေးနိုင်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ သွားရောက်ကြည့်ရှုရာတွင် ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီး ရေဆင်းဧရိယာ ၄၀ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၈၀၀၀ ဧကပေရှိ ဂဲလောင်းချောင်းပေါ်ရှိ အဆိုပြုနေရာသို့ လည်းကောင်း၊ ပင်တီးကျေးရွာအနီး ရေဆင်းဧရိယာ ၁၃ ဒသမ ၈၀ စတုရန်းမိုင်၊ နှစ်စဉ်ပျှမ်းမျှစီးဝင်ရေ ၆၂၀၀ ဧကပေရှိ သဗြိုက်ချောင်းပေါ်ရှိ အဆိုပြုနေရာသို့လည်းကောင်း၊ ရွှေသင်းကျေးရွာအနီး ရေဆင်းဧရိယာ ၆ ဒသမ ၉၄ စတုရန်းမိုင်၊ နှစ်စဉ်ပျှမ်းမျှစီးဝင်ရေ ၃၁၂၀ ဧကပေရှိ ရေပုံချောင်းပေါ်ရှိ အဆိုပြုနေရာသို့လည်းကောင်း၊ ခွန်လိန်ကျေးရွာအနီး ရေဆင်း ၇ ဒသမ ၈၆ စတုရန်းမိုင်၊ နှစ်စဉ်ပျှမ်းမျှစီးဝင်ရေ ၃၆၃၇ ဧကပေရှိ ဆင်ဖြူချောင်းပေါ်ရှိ အဆိုပြုနေရာသို့ လည်းကောင်း၊ တွင်းငယ်ကျေးရွာအနီး ရေဆင်းဧရိယာ ၁ ဒသမ ၁၅ စတုရန်းမိုင်၊ နှစ်စဉ်ပျှမ်းမျှစီးဝင်ရေ ၅၀၀ ဧကပေရှိ စည်သာချောင်းပေါ်ရှိ အဆိုပြုနေရာသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။





ဆက်လက်၍ နောင်ခမ်းကြီးရပ်ကွက်အနီး ရေဆင်းဧရိယာ ၆ ဒသမ ၆၃ စတုရန်းမိုင်၊ နှစ်စဉ်ပျှမ်းမျှစီးဝင်ရေ ၇၀၀၀ ဧကပေရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့တွင် နေထိုင်လူဦးရေတိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းဆည်အား ယခင်ရေလှောင်ပမာဏ ၃၇၂၆ ပေမှ ၃၇၂၈ ပေအထိ ရေလှောင်ပမာဏ နှစ်ပေမြှင့်ရေသိုလှောင်နိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြင်ဦးလွင်မြို့တွင်းသို့ လက်ရှိ အချင်း ၁၂ လက်မ ပိုက်လိုင်းသွယ်တန်း၍ တစ်နေ့ရေ ဂါလန် ၁ ဒသမ ၅ သန်း ဖြန့်ဝေပေးရာမှ ယခုအခါ အချင်း ၁၂ လက်မပိုက်လိုင်းဖြင့် တစ်လိုင်း ထပ်မံတိုးချဲ့၍ တစ်နေ့ရေဂါလန် ၁ ဒသ ၂သန်း တိုးမြှင့်ဖြန့်ဝေပေးသွားရန် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါနေရာများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများက ပြင်ဦးလွင်မြို့နယ်တွင် တည်ဆောက်ပြီး တမံ(၄)ခုမှ စိုက်ပျိုးရေနှင့် မြို့ပြသောက်သုံးရေများ အဓိကပေးဝေလျက်ရှိပြီး ဂဲလောင်းချောင်းနှင့်သဗြိုက်ချောင်းတို့ပေါ်တွင် ကျေးရွာရေလွှဲဆည်ငယ်များ တည်ဆောက်၍ စိုက်ပျိုးရေပေးဝေမှုကို ဆောင်ရွက်နေမှုနှင့် ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရှိစေရေးအတွက် ဖြစ်မြောက်နိုင်စွမ်းရှိမည့်ဆည်၊ တမံများ တည်ဆောက်နိုင်မှု

စာမျက်နှာ ၁၃ သို့ ❖













❖ စာမျက်နှာ ၁၂ မှ

အခြေအနေကို လေ့လာရန်အတွက် ရေအရင်းအမြစ်များ စူးစမ်းလေ့လာရေး ဦးဆောင်ကော်မတီနှင့် အဖွဲ့ဝင်များ ဖွဲ့စည်းပြီး ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ခဲ့မှုနှင့် တွေ့ရှိချက်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှု၊ သောက်သုံးရေ လိုအပ်ချက်အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိနေထိုင်လျက်ရှိသော လူဦးရေအပြင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေများအတွက် ရေဖူလုံမှုရှိစေရန် ရရှိနိုင်မည့် ရေအရင်းအမြစ်များအား စူးစမ်းလေ့လာရှာဖွေပြီး ရေပေးဝေရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းဖြင့် သောက်သုံးရေဖူလုံမှုရှိလာမည့်အပြင် စိုက်ပျိုးရေအတွက်ပါ တိုးတက်ပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်ပြီး လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် သက်ဆိုင်ရာဌာနများအချင်းချင်းချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ ကန်တော်လေးသို့ ရောက်ရှိပြီး ရေဝင်ရောက်မှု အခြေအနေနှင့် ကန်တော်လေးဝန်းကျင်တွင် အများပြည်သူ အနားယူအပန်းဖြေနိုင်ရန် မြေယာရှင်းဆောင်ရွက်သွားမည့် အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် တိုးဂိတ်သို့ ရောက်ရှိပြီး တိုးဂိတ်မှတာဝန်ရှိသူအား တိုးဂိတ်အနီးဝန်းကျင် ဖုန်ထခြင်းများ မဖြစ်ပေါ်စေရေး လမ်းအား ရေဖျန်းခြင်း၊ လမ်းရေဆေးခြင်းများ ဆောင်ရွက်သွားရန်နှင့်လမ်းဘေးဝဲ၊ ယာတစ်လျှောက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဖောက်လုပ်ဆောင်ရွက်သွားရန် တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





## နတ်မောက်မြို့နယ်၌ Seeder စနစ်ဖြင့် နှမ်းစပါးများစိုက်ပျိုးလျက်ရှိ

**နတ်မောက် မေ ၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ အင်းကုန်းကျေးရွာ၊ အလယ်ရွာကျေးရွာ၊ ပ/ငွေးချိုကျေးရွာနှင့် ပ/ကျောင်းကုန်းကျေးရွာများတွင် Seeder စနစ်ဖြင့် နွေစပါးများကို စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ Seeder စနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် စပါးမျိုးစေ့ အကုန်သက်သာခြင်း၊ အလုပ်သမားစရိတ်သက်သာခြင်း၊ အပင်များ အတန်းလိုက်ဖြစ်၍ လေဝင်၊ လေထွက်ကောင်းပြီး ပေါင်းမြက်ရှင်းလင်းရန် လွယ်ကူခြင်း၊ အောင်မြင်ဖြစ်ထွန်းသော စပါးပင်များရရှိခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် မျိုးစေ့ချကိရိယာ Seeder ဖြင့် စိုက်ပျိုးသည့်စနစ်သည် လုပ်သားလိုအပ်ချက် အနည်းဆုံး အစားထိုးစိုက်ပျိုး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက ပြောသည်။

နတ်မောက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် တောင်သူများ စပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းစပါးမျိုးစေ့များ ထွက်ရှိရေးအတွက် စနစ်တကျ ထွန်ယက်ပြုပြင်ထားသော လယ်မြေများတွင် စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး တာဝန်ကျစိုက်/ကြပ်ဝန်ထမ်းများက အနီးကပ် ကြီးကြပ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမူစန်း**

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိရွှေကျောင်းတော်ကြီးအထွတ်ရှိ ရွှေထီးတော်ကြီးအား ရင်ပြင်တော်ပေါ်သို့ ပြန်လည်ပင့်ဆောင်ခြင်း အခမ်းအနား ကျင်းပ

**မန္တလေး မေ ၅**

မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိရွှေကျောင်းတော်ကြီး အပါအဝင် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အန္တရာယ်ရှိ အဆောက်အအုံအပိုင်းအစများ ဖြိုချခြင်းနှင့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်းများကို ပြီးစီးအောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ၌ ရှေးဟောင်းအုတ်ရိုးများဖြင့် တည်ဆောက်ခဲ့သည့် ဂန္ဓကုဋိပြာသာဒ်ရွှေကျောင်းတော်ကြီး၏ ပျက်စီးပြိုကျသည့် အဆောက်အအုံအစိတ်အပိုင်းများအား ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးနှင့် ရွှေထီးတော်ကြီး တိမ်းစောင်းသွားမှုအား ပြန်လည်ပြုပြင် လှူဒါန်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ အင်ဂျင်နီယာများနှင့် တွေ့ဆုံညှိနှိုင်းစီစဉ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဂန္ဓကုဋိရွှေကျောင်းတော်ကြီး အထွတ်တွင်ရှိသော ရွှေထီးတော်ကြီးအား ရင်ပြင်တော်ပေါ်သို့ ပြန်လည်ပင့်ဆောင်နိုင်ရန် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော ဩဝါဒစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူကာ ရွှေထီးတော်ကြီးအား ရင်ပြင်တော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲအခမ်းအနားကို အကောင်းဆုံးမင်္ဂလာအချိန်အား ရွေးချယ်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းက အဆိုပါအခမ်းအနားအား စတင်ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တတိက္ခြာဘိဝံသ၊ ချမ်းမြသာစည်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအာစိဏ္ဏ၊ ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ၊ ပြင်ဦးလွင်မြို့ (၃၂) မိုင် အောင်ချမ်းသာကျေးရွာ ဝိပဿီဓမ္မရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တပညိန္ဒတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့်အဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့များ တက်ရောက်ကြည်ညိုကာ အစီအစဉ်အရ ဆရာတော်ကြီးများက ထီးတော်ပင့်ဆောင်မည့် ဂါထာတော်မြတ်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီးနောက် မင်္ဂလာအချိန် မွန်းတည့် ၁၂ နာရီ ၄၃ မိနစ် ၅၂ စက္ကန့်တိတိတွင် ရွှေကျောင်းတော်ကြီး ပြာသာဒ်အထွတ်တွင်ရှိသော တိမ်းစောင်းနေသည့် ရွှေထီးတော်ကြီး၏ ငှက်မြတ်နားတော်အပါအဝင် ဘုံအဆင့်ဆင့်(ကိုးဆင့်)ကို အေရှားဝေါလ်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသည့် အမြင့်တင်တန်(၂၀၀)ကရိန်းကားဖြင့် ရင်ပြင်တော်သို့ အဆင့်လိုက် ပင့်ဆောင်ပေးပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး၊ တိုင်းမှူး၊ မြို့တော်ဝန်၊ ဂေါပကအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့များက ရင်ပြင်တော်၏ အနောက်တောင်(စနေထောင့်) စင်မြင့်ပေါ်သို့ ထပ်ဆင့်ပင့်ဆောင်ကြရာ ညနေ ၄ နာရီ ၂၇ မိနစ်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်အား အောင်မြင်စွာဖြင့် ပင့်ဆောင်နိုင်ခဲ့ပြီး ဘဏ္ဍာတော်ထိန်းအဖွဲ့၏ အဖိုးတန်ရတနာပစ္စည်းများ လုံခြုံစွာထားရှိနိုင်သည့် ခန်းမအတွင်းသို့ ဆက်လက်ပင့်ဆောင်၍ စနစ်တကျ လှူဒါန်းပစ္စည်းများစာရင်းကောက်ယူသိမ်းဆည်းရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**







## ရေမှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရန်နှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးနေ

**မန္တလေး မေ ၅**

ငလျင်ဘေးသင့်ပြည်သူများ နေထိုင်လျက်ရှိသော ချမ်းအေးသာစံမြို့နယ် အ·ထ·က(၅) ဘောလုံးကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းနှင့် ဗထူးမိုးလုံလေလုံအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ရေမှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရန်နှင့် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါယာယီကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရေမှတစ်ဆင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ရေသန့်ဆေးပြားများခတ်ခြင်း၊ သုံးရေကလိုရင်းဆေးခတ်ခြင်း၊ အိမ်သာများ ကလိုရင်းဆေးဖျန်းခြင်း၊ ကြွက်နှင့်ပိုးမွှားများနှိမ်နင်းခြင်းလုပ်ငန်းများကို ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး လက်သန့်ဆေးရည် ပေးဝေခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးဝေခြင်း၊ မေးခိုင်+ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ OCV ဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထို့အပြင် ငလျင်ဘေးသင့်ပြည်သူများ ထိခိုက်ဖျားနာပါက ကုသပေးရန်အတွက် ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ မန္တလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးအဖွဲ့များက နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**



# လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အောင်မြေဘုံစံ ကျောင်းတိုက်သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် သံပုဏ္ဏာရာမကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း လျှော်ဘေးသင့်ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ ပါရမီရပ်ကွက်ရှိ သက္ကနိမ္မိတ သီလရှင်စာသင်တိုက်၊ ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် စာသင်ဆောင်အဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ လျှော်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတက္ကသိုလ်ရှိ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သော မန်းသပြေကျောင်းဆောင်၊ ထမင်းစားဆောင်၊ ရွှေမန်းကျောင်းသူဆောင်၊ သစ္စာကျောင်းဆောင် အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့် အတန်းအလိုက် POST EARTHQUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှု အခြေအနေများကို လိုက်လံကြည့်ရှု၍ ငလျင်ဒဏ်သင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ (PE) အဖွဲ့များက (SOP) အတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများကို ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြသွားရန်နှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများအား စနစ်တကျ ပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့် မြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ရွှေကူကြီး ဆုတောင်းပြည့် မြတ်စွာဘုရား၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပလစ(၂) အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး၌ Modular House များ ထပ်မံတည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

အခြေအနေများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ထီးတော်ရှိ စိန်ဖူးတော်နှင့် ထုပိကာတို့အား ပြန်လည်မွမ်းမံပြုပြင်ဆင်နိုင်ရန်အတွက် မဟာမုနိဘုရားကြီးထီးတော်ကြီးအား တန် ၂၂၀ ဝန်ချီစက်ကြီးဖြင့် ခေတ္တအပူဇော်ခံမည့်နေရာသို့ အဆင့်ဆင့်ပင့်ဆောင်နေမှုတို့အား ပူဇော်ကြည်ညို၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး၌ Modular House များ ထပ်မံတည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်ထားရှိရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ရဲစုရပ်ကွက်နှင့် ဆူးကုန်းရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့် ရှင်းလင်းနေမှု၊ အေးမြကြည်လင်ရပ်ကွက်ရှိ RC သုံးထပ်အဆောက်အအုံသည် နံဘေးတိုက်အပေါ် ယိုင်နဲ့ ထိစပ်နေခြင်းဖြစ်ပေါ်နေသည့် အခြေအနေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်း စစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၆၀၆၇ လုံးအား စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၇၇၃ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၉၄ လုံးမှ အဆောက်အအုံ ၂၅၈ လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၃၆ လုံး ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့်ပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေး အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများလက်ခံပေးပြီး အလှူရှင်များ၊ မြို့မိမြို့ဖများအား Modular House များလှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ ကျောက်သေတ္တာစေတီကြီးကိုလည်း ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Modular House များကိုလည်း အမှန်တကယ် လိုအပ်လျက်ရှိသောနေရာများတွင် တွန်းအားပေး တည်ဆောက်ပေးလျက်ရှိကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိတော့မည်ဖြစ်သဖြင့် ပြည်သူများ၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ပါရမီရပ်ကွက် သီလရှင်စာသင်တိုက်နှင့် မရှိခဏစေတီတို့သို့သွားရောက်ကာ စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ရှေးဟောင်းသမိုင်းဝင် မြစည်းခံစေတီတော် စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲ



**'သက်တော်ထင်ရှား မြတ်ဘုရားနှင့်**
**ရုပ်ပွားစေတီ၊ အလီလီဝယ်**
**တူညီစိတ်ထား၊ ကြည်ဖြူငြားက**
**အလားတူမျှ၊ ကောင်းကျိုးရ၏။**
**ပုဂ္ဂလိက၊ ဟူသမျှတွင်**
**ဗုဒ္ဓပူဇာ၊ အလှူမှာကား**
**အသာလွန်ဆုံး၊ အမြတ်ဆုံးတည်း'** ဟူ၍

ပညာရှင်များက ဖွဲ့ဆိုခဲ့ကြသည်။

မှန်ပေသည်။ သုံးလောကထွတ်ထား မြတ်ဘုရားသည် အသာဆုံး၊ အမြတ်ဆုံး အတုမရှိသော ကိုးကွယ်အားထားရာ အစစ်အမှန်ပင် ဖြစ်ပေရာ အလှူ့တကာ့အလှူတွင် မြတ်ဗုဒ္ဓကို အမှူးထားရည်သန်၍ လှူသောအလှူသည် အမြတ်ဆုံး၊ အသာလွန်ဆုံးပင် ဖြစ်သည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်၌ မြတ်စွာဘုရားရှင်၏ကိုယ်စား ဓာတ်တော်၊ မွေတော်များကို ဌာပနာ၍တည်ထားသော စေတီတော်၏ တန်ခိုးရှိန်စော်အာနုဘော်ဖြင့်သာ ရတနာများစွာ ထမ်းဆောင်ထားသော ဤမဟာပထဝီမြေကြီးသည် တင့်တယ်ကောင်းမြတ်ကျက်သရေရှိလှပေသည်။ ဤသို့အားဖြင့် ဘုရားရှင်၏ကိုယ်စားတည်ထားအပ်သော စေတီဘုရား၊ ရုပ်ပွားဆင်းတုတော်တို့ကို မြတ်စွာဘုရားရှင်အား ကိုယ်တိုင်ဖူးမြော်နေရသကဲ့သို့ စိတ်တွင်ထင်မှတ် မြင့်မြတ်သောသဒ္ဓါစိတ်ဖြင့် ပူဇော်ကန်တော့ခြင်း၊ ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘုရားရှင်ကို ကိုယ်တိုင်ကျ ဖူးတွေ့ရသကဲ့သို့ပင် အကျိုးအနန္တထိုက်တန်၍ ကောင်းကျိုးရရှိနိုင်ပေသည်။ဤကဲ့သို့အားဖြင့် 'ဘုရား၊တန်ဆောင်း၊ ကျောင်း၊ဇရပ်၊သိမ်မြတ်မဟာ တင့်တယ်စွာသား' ဟု အာရုံပြုလျက် ဘုရားတည်ကျောင်းဆောက်ခြင်း၊ ဘုရားစေတီဟောင်းပြုပြင်ခြင်းတို့သည် ကမ္ဘာမြေကိုတင့်တယ်စေ၍ လောကတစ်ခွင် အလှဆင်စေသော ကောင်းမှုကြီးပင်ဖြစ်ပေသည်။

ယခုဖော်ပြအပ်သော ပုဂံခေတ်ဦး ရှေးဟောင်းသမိုင်းဝင် စေတီတော်တစ်ဆူဖြစ်သော 'မြစည်းခံစေတီတော်'သည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်ရှိ စောမွန်လှမြတာဘက်စေတီနှင့် ပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွင်းတွင် တည်ရှိသည်။ ပုဂံခေတ်ဦး ရှေးဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်၍ နှစ်ကာလဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းလျက်ရှိသည်။

မြစည်းခံရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးကို နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒအား အမှူးထား၍ ဖခင်ကြီး ဦးလှသောင်း + မိခင်ကြီး ဒေါ်တင်ရွှေအား ရည်စူး၍ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင် ပွဲရုံတန်း ဇမ္ဗူထိပ်အောင်ချမ်းသာကုမ္ပဏီ မိသားစုများဖြစ်ကြသော မကြည်ကြည်ညွန့်၊ ကိုခင်မောင်ထွေး + မကြည်ကြည်မြင့်တို့က အကြီးစား ပြင်ဆင်မွမ်းမံလျက် လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူကာ ၁၃၈၇ ခုနှစ်၊ တန်ခူး လပြည့်ကျော် ၅ ရက်၊ ဧပြီ ၁၈ရက် မြန်မာနှစ်သစ်ကူးနှစ်ဆန်း ၂ ရက် မင်္ဂလာအပေါင်းနှင့် ခပြောင်းပြည့်စုံသောအချိန်၌ စိန်ဖူးတော်နှင့် ရွှေထီးတော်အသစ်လှူဒါန်းခြင်းကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါနေ့မတိုင်မီကပင် ဇမ္ဗူထိပ်အောင်ချမ်းသာ မိသားစုသည် ကြိုတင်ရောက်ရှိလာခဲ့ကြကာ နဂါးကိုးကောင်ဆရာတော်၏ ဩဝါဒကို ခံယူခဲ့၏။ ထို့နောက် စောမွန်လှပေါ်တော်မူကျောင်းတိုက်အတွင်း ဇမ္ဗူထိပ်အောင်ချမ်းသာ မိသားစု၏ လှူဒါန်းခဲ့သော ကုသိုလ်တော်များဖြစ်သည့် နဂါးရုံလိုဏ်ဂူဘုရားတွင် ကန်တော့ပွဲ၊ လှူဖွယ်ဝတ္ထုများနှင့်အတူ ဘုရားဝတ်ပြုဆုတောင်းခြင်း၊ကျောင်းတိုက်အတွင်းရှိ မြတာဘက်စေတီတော်အား ဦးခိုက်ပူဇော်ခြင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်တို့အား အရိအသေပေးခြင်း စသော ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ခဲ့ပြီး နဂါးကိုးကောင်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

စိန်ဖူးတော်ရွှေထီးတော်တင်လှူမည့်နေ့တွင် နံနက် ၆ နာရီမှစ၍ မြတာဘက်ဘုရားအာရုံခံ တန်ဆောင်းတွင် ဘုရားဝတ်ပြုဆုတောင်းခြင်း၊ တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းပြုလုပ်လျက် စိန်ဖူးတော်၊ ရွှေထီးတော်နှင့်ဆက်စပ်ပစ္စည်းများအား နဂါးကိုးကောင်ဆရာတော် ဦးဆောင်စီစဉ်မှုဖြင့် ဇမ္ဗူထိပ်အောင်ချမ်းသာမိသားစုများ၊ ရပ်မိရပ်ဖဂုဏ်သရေရှိလူကြီးမင်းများ၊အကျိုးတော်ဆောင်အဖွဲ့များ၊အလှူ့ဒါယကာ၊ဒါယိကာမများ လိုက်ပါလျက် မြတာဘက်စေတီတော်မှ မြစည်းခံစေတီတော်သို့ ညီညာဖြိုဖြိုး သယ်ယူပင့်ဆောင်ခဲ့ကြသည်။

ထိုသို့ ပင့်ဆောင်ရာတွင် ဦးစွာကျောင်းတိုက်အတွင်းမြစည်းခံဘုရား၊ ဇမ္ဗူထိပ်အောင်ချမ်းသာ ပေါ်တော်မူပဋ္ဌာန်းဆက်ဘုရား၊ လိုရာပြည့်စေတီတော် စသည့်စေတီ၊ ပုထိုးများအား လက်ယာရစ်သုံးကြိမ်လှည့်ပတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် မြစည်းခံစေတီတော်ရွှေထီးတော်တင်လှူရာ ဧည့်ခံမဏ္ဍပ်တွင် နဂါးကိုးကောင်ဆရာတော်ထံမှ ဩဝါဒများခံယူကာ မေတ္တာရှင်မာတ်ခန်းမှ ဦးသိန်း(ရွှေဂူကြီး)၏ ဦးဆောင်မှုဖြင့် ဘုရားရှိခိုးခြင်း၊ သက်ဆိုင်ရာပုဂ္ဂိုလ်အပေါင်းအား ပင့်ဖိတ်ခြင်း၊ မေတ္တာပို့သခြင်း၊ အစောင့်အရှောက် ခံယူခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် အောင်စည်တီးကာ စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို နန်းယာဉ်ပျံနတ်ရထားဖြင့် စတင်ပင့်ဆောင်ပူဇော်ကြသည်။စိန်ဖူးတော်၊ရွှေထီးတော်များ နတ်ယာဉ်ပျံရထားဖြင့် အဆင့်ဆင့် တင်ဆောင်ပူဇော်ချိန်တွင် ငြိမ့်ညောင်းသာယာသော ဗုဒ္ဓပူဇာတေးများ၊ ခမ္မတေးများဖြင့် တီးမှုတ်ပူဇော်ခဲ့ကြသည်။ ကြွရောက်လာကြသောဧည့်သည်တော်များကလည်း စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို လက်အုပ်ချီမိုးရှိခိုးကာ ဝမ်းမြောက်မဆုံး ပီတိဖုံးလျက်ရှိသည်။



စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပြီးချိန်တွင် မင်္ဂလာဆိုင်းတော်မှ အောင်မင်္ဂလာတေးများ ဖွင့်ကာ နဂါးကိုးကောင်ဆရာတော်နှင့် အောင်ချမ်းသာ မိသားစုအပါအဝင် ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ဦးမြင့်သိန်း(အောင်ပင်လယ်)၊ဦးကျော်ဌေး (လနတ်သားကျောက်မျက်ကုမ္ပဏီ)၊ ဦးထွန်းထွန်း (ထိုင်ဝမ်အထည်ဆိုင်)တို့မှ ရွှေမိုး၊ငွေမိုးများ အလျှံအပယ်ရွာသွန်းဖြိုးကာ ရှေးဟောင်း ပုဂံခေတ်ဦး မြစည်းခံစေတီတော်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြပါသည်။

ဤကဲ့သို့ မွန်မြတ်လှသော ထီးတော်ကို လှူဒါန်းရသဖြင့် ဇမ္ဗူထိပ်အောင်ချမ်းသာ မိသားစုများသည်-

သီတံ ဥဏှံ န ဇာနာမိ၊ ရဇောဇလ္လံ န လိမ္ပတိ။

အနုပဒ္ဒဝေါ အနီတိစ၊ ဟောမိ အပစိတော သဒါ။

၁။ အချမ်း၊ အပူရှိသည်ကို မသိခြင်း၊ ရာသီဥတုဒဏ်မခံစားရခြင်း။

၂။ မြူအညစ်အကြေး မလိမ်းကျံ မကပ်ငြိခြင်း။

၃။ ဘေးဥပဒ်မရှိခြင်း။

၄။ စိုးရိမ်ကြောင့်ကြမရှိခြင်း။

၅။ သူတစ်ပါးတို့က အမြဲရိုသေရခြင်း စသော အကျိုးငါးပါးကိုလည်းကောင်း -သုခုမစ္ဆဝိကော ဟောမိ၊ ဝိသဒံ ဟောမိ မာနသံ။ သုတ္တသတသဟဿာနိ၊ ဘဝေ သံသရ တော မမ။ သဗ္ဗာလင်္ကာရယုတ္တာနိ၊ တဿ ကမ္မဿ ဝါဟသာ။ ဣမံ ဓာတုံ ဌပေတွာန၊ မတ္တကေ ဓာရယန္တိ မေ။

၆။ အရေအဆင်း နူးညံ့ခြင်း။

၇။ စိတ်နှလုံး စင်ကြယ်သန့်ရှင်းခြင်း။

၈။ ရဟန္တာဖြစ်သော ဤဘဝကို ကြဉ်ဖယ်ထား၍ သံသရာကျင်လည်ရစဉ်က လှပဆန်းကြယ်စွာ အလုံးစုံသော တန်ဆာဆင်ထားသော ထီး တစ်သိန်းကို ဦးခေါင်းထက်မှာ အမြဲဆောင်းမိုးခဲ့ရခြင်းဟူသော အကျိုး သုံးပါး စုစုပေါင်း အကျိုး ရှစ်ပါးကို ခံစားရပေမည်။

**ထီးလှူဒါန်းသူ၊ ဒကာမူလည်း**
**အေးပူမသိ၊ မြူမငြိဘဲ**
**မရှိဘေးရန်၊ ရိုသေခံလျက်**
**တစ်ဖန်အရေ၊ နူးညံ့ပေ၏**
**စိတ်နေသန့်ရှင်း၊ ထီးအစင်းကို**
**မယွင်းမှန်လှ၊ သိန်းလောက်ရ၍**
**အရဟတ်ထီး၊ ဆောင်မိုးပြီးသော်**
**ပြည်ကြီးနိဗ္ဗာန်၊ ပျော်ဝင်စံသည်**
**ရှစ်တန်ထီးလှူကျိုးပေးတည်း။**
**'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'**

ဖိုးစွံ (အောင်ပင်လယ်)

## အစွန်းရောက်ဝါဒီတစ်ဦးဖြစ်သူ အမတ်လောင်း ဂျော့ဂျ်ဆီမီယန် ရိုမေးနီးယားသမ္မတရွေးကောက်ပွဲ ပထမအဆင့်တွင် အောင်ပွဲရ



**ဘူခါရက်စ် မေ ၅**

နိုင်ငံရေးအရ အစွန်းရောက်ဝါဒီတစ်ဦးဖြစ်သူ အမတ်လောင်း ဂျော့ဂျ်ဆီမီယန်သည် ရိုမေးနီးယားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ ပထမအဆင့်တွင် ယမန်နေ့က အောင်ပွဲရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆီမီယန်သည် ထောက်ခံမဲ ၄၀ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေပြီး လာမည့်မေလ ၁၈ ရက်တွင် ကျင်းပမည့် ဒုတိယအဆင့် ရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာအကောင်းဆုံးဖြစ်နေသည်။

ဘူခါရက်စ်မြို့တော်ဝန် လစ်ဘရယ်ဝါဒီ နီကိုဆာဒန်နှင့် နိုင်ငံရေးမဟာမိတ်အုပ်စု၏ အမတ်လောင်း ခရင်အန်တိုနက်စကူတို့နှစ်ဦးမှာမူ ၂၁ ရာခိုင်နှုန်းစီဖြင့် ဒုတိယနေရာတွင် ရပ်တည်နေကြသည်။

လွန်ခဲ့သော ခြောက်လက ရိုမေးနီးယားသမ္မတရွေးကောက်ပွဲသည် အငြင်းပွားဖွယ်ရာနှင့် ရှုပ်ထွေးမှုများဖြင့် အဆုံးသတ်ခဲ့သည်။

ထိုစဉ်က ရေးရိုးစွဲဆန်သော အယူအဆရှိသူ ကယ်လင်ဂျော့ဂျ်စကူ အနိုင်ရခဲ့သော်လည်း ရွေးကောက်ပွဲ အရှုပ်တော်ပုံနှင့် ပြည်ပစွက်ဖက်မှုစွပ်စွဲချက်များကြောင့် ရလဒ်များကို ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။

Mon




## အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၏တောင်ဘက်စွန်းတွင် စတားဘေ့စ်ဟု အမည်ရသည့် မြို့တစ်မြို့ တရားဝင်ဖြစ်လာမည်

**ဝါရှင်တန် မေ ၅**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၏ တောင်ဘက်စွန်းတွင် အီလွန်မတ်စ်၏ စပေ့စ်အိတ်ခ်စ်ကုမ္ပဏီလုပ်ငန်းလည်ပတ်ရာ နေရာသည် စတားဘေ့စ်ဟု အမည်ရသည့် မြို့တစ်မြို့ တရားဝင်ဖြစ်လာမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခင်အပတ်နှောင်းပိုင်းက ကျင်းပသော ရွေးကောက်ပွဲတွင် နေထိုင်သူများသည် မြေကွက်တစ်ခုကို မြို့သစ်အဖြစ် သတ်မှတ်ရန် အတည်ပြုခဲ့သည်။

မဲပေးခွင့်ရှိသူ ၂၈၃ ဦးအနက် အများစုမှာ စပေ့စ်အိတ်ခ်စ်ဝန်ထမ်းများဖြစ်သည်။ အွန်လိုင်းတွင် ဖော်ပြခဲ့သော ရလဒ်များအရ ကင်မရွန်စီရင်စုမှ ထောက်ခံမဲ ၂၁၂ မဲနှင့် ကန့်ကွက်မဲ ၆ မဲရှိခဲ့သည်။

စတားဘေ့စ်သည် ယခုတော့ အစစ်အမှန် မြို့တစ်မြို့ဖြစ်လာပြီဟု သန်းကြွယ်သူဌေး မတ်စ်က ၎င်း၏ လူမှုမီဒီယာ ပလက်ဖောင်း အိတ်ခ်စ်ပေါ်တွင် ရေးသားခဲ့သည်။

အဆိုပါ မြို့သစ်သည် စတုရန်းမိုင် ၁ ဒသမ ၆(စတုရန်းကီလိုမီတာ ၃ ဒသမ ၉) ခန့် ကျယ်ဝန်းပြီး ၂၀၁၂ ခုနှစ်တွင် စပေ့စ်အိတ်ခ်စ်က ထိုဒေသ၏ မြေများကို ဝယ်ယူခြင်းမပြုမီက လူဦးရေ နည်းပါးခဲ့သည်။

မြို့အစိုးရတွင် မြို့တော်ဝန်တစ်ဦးနှင့် ကော်မရှင်နာ နှစ်ဦး ပါဝင်မည်ဖြစ်ပြီး ၎င်းတို့သည် အခြေခံအဆောက်အအုံစီမံကိန်း၊ အခွန်ကောက်ခံမှုနှင့် အခြားဒေသဆိုင်ရာ ကိစ္စရပ်များကို အုပ်ချုပ်နိုင်မည်ဖြစ်သည်။ သို့သော် အနီးနားရှိ အချို့နေထိုင်သူများက ဤဆောင်ရွက်ချက်ကို ကန့်ကွက်ခဲ့ပြီး ကုမ္ပဏီအား ဒေသတွင်းဂေဟစနစ်ကို ထိခိုက်စေသည်ဟု စွပ်စွဲခဲ့ကြောင်း သိရသည်။

Mon

## ပါကစ္စတန်အနောက်တောင်ပိုင်း ခွဲထွက်ရေးလက်နက်ကိုင်အဖွဲ့ အချုပ်ကားစီးနင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တာဝန်ယူ

**အစ္စလာမ္မာဘတ် မေ ၅**

အချုပ်ကားကိုစီးနင်းပြီး ရဲတပ်ဖွဲ့ဝင် ငါးဦးကို အကျဉ်းသားအဖြစ် ဖမ်းဆီးထားသည့် တိုက်ခိုက်မှုအပေါ် တာဝန်ယူသည်ဟု ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ သီးခြားခွဲထွက်ရေး လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က မေ ၄ ရက်တွင် ထုတ်ဖော်ကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ လက်နက်ကိုင်အဖွဲ့သည် ယမန်နေ့ညပိုင်းက လက်နက်ကိုင် ၃၀ မှ ၄၀ အထိ ဘာလော့ချီစတန် ပြည်နယ် တစ်လျှောက် ဖြတ်သန်းသွားသည့် မော်တော်ကားလမ်းကြီးတစ်ခုကို ပိတ်ဆို့ကာ ရဲတပ်ဖွဲ့က အကျဉ်းသားများကိုတင်ဆောင်လာသည့် အချုပ်ကားတစ်စီးကို ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားများကို နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင် ငါးဦးကို ပြန်ပေးဆွဲထားဆဲဖြစ်သည်ဟု ဒေသခံရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားကြောင်း သိရသည်။

Mon







## တတိယနိုင်ငံရေးသက်တမ်းအတွက် ယှဉ်ပြိုင်အရွေးခံမည်မဟုတ်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ငြင်းဆိုရှင်းလင်းပြောကြား

**ဝါရှင်တန် မေ ၅**

တတိယနိုင်ငံရေးသက်တမ်းအတွက် ယှဉ်ပြိုင်အရွေးခံရန် စဉ်းစားနေသည်ဟူသော ကောလာဟလ မဟုတ်မှန်ကြောင်း ယမန်နေ့က သမ္မတ ဒေါ်နယ်လ်ထရမ့် ငြင်းဆိုခဲ့ပြီး အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိုသို့သောလုပ်ရပ်ကို တားမြစ်ထားသည်ဟုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ၏(၂၂)ကြိမ်မြောက်ပြင်ဆင်ချက်တွင် 'မည်သူတစ်ဦးတစ်ယောက်ကိုမျှ သမ္မတရာထူးအတွက် နှစ်ကြိမ်ထက်ပို၍ ရွေးချယ်တင်မြောက်ခြင်းမပြုရ' ဟု ပြဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် ဆီးနိတ်နှင့် ကိုယ်စားလှယ်များ အထွေထွေအစည်းအဝေးတို့မှ သုံးပုံနှစ်ပုံ အတည်ပြုချက်နှင့် နိုင်ငံ၏ ပြည်နယ်အဆင့်အစိုးရများ၏ လေးပုံသုံးပုံအတည်ပြုချက် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

Mon

STOP AIDS



## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ခရီးသည်တင်လှေနှစ်စီး နစ်မြုပ် လူသုံးဦး သေဆုံး၊ ၁၄ ဦး ပျောက်ဆုံးကာ ၆၀ ဦး ဆေးရုံတင်ခဲ့ရ

**ပေကျင်း မေ ၅**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မေ ၄ရက်က ခရီးသွားများကို တင်ဆောင်လာသည့် လှေနှစ်စီး တိမ်းမှောက်နစ်မြုပ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး အခြား ၁၄ ဦး ပျောက်ဆုံးနေကာ ၆၀ ဦး ဆေးရုံတင်ခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကွေ့ကျိုးပြည်နယ်၊ ကျိုက်ရှီမြို့ရှိ ခရီးသွားဧည့်လမ်းညွှန်လုပ်ငန်းတစ်ခုက စီစဉ်သောလှေစီးခရီးစဉ်တွင် ထိုခရီးသည်တင်လှေ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့် ပတ်သက်သည့် အချက်အလက်များ သို့မဟုတ် ခရီးသွားဧည့်လမ်းညွှန်နေရာ၏ အမျိုးအစားအကြောင်းကို အဆိုပါသတင်းတွင် ချက်ချင်းမဖော်ပြခဲ့သော်လည်း ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသည်ဟု သတင်းပို့ထားသော ၁၄ ဦးကို ရှာဖွေနေကြောင်း သိရသည်။

Mon



## လေဒီဂါဂါဂီတပွဲဖောက်ခွဲရန် ကြံစည်မှုနှင့်စပ်လျဉ်း၍ လူနှစ်ဦးကို ရီယိုဒီဂျနေးရိုးရဲတပ်ဖွဲ့က ဖမ်းဆီးထား

**ဘရာဇီးလီးယား မေ ၅**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် လူနှစ်သန်းကျော် တက်ရောက်ခဲ့သည့် ကမ္ဘာကျော်အမျိုးသမီးပေါ့ဂီတ အဆိုတော် လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲ၌ ဖောက်ခွဲတိုက်ခိုက်ရန် ကြံစည်မှုနှင့် စပ်လျဉ်း၍ လူနှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


ကျော်ကြားသည့် ကိုပါကဗားနား ကမ်းခြေတွင် ကျင်းပခဲ့သော အခမဲ့ဂီတဖျော်ဖြေပွဲ မကျင်းပမီဖုံးခွဲတိုက်ခိုက်ရန် စီစဉ်ခဲ့သော်လည်း သံသယရှိသူများကို ဟန့်တားနိုင်ခဲ့သည်ဟု ရီယိုဒီဂျနေးရိုးမြို့ ရဲတပ်ဖွဲ့က မေ၄ရက်တွင် လူမှုကွန်ရက်ပေါ်၌ ထုတ်ပြန်ကြေညာသည်။

ရဲတပ်ဖွဲ့က ဖိတ်မွန်းစတားဟု အမည်ပေးထားသော စစ်ဆင်ရေးတွင် အရွယ်ရောက်ပြီးသူတစ်ဦးနှင့် ဆယ်ကျော်သက်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဖြည့်စွက်ပြောကြားသည်။ ဖိတ်မွန်းစတားဆိုသည်မှာ လေဒီဂါဂါ၏ ပရိသတ်များဖြစ်သော မွန်းစတားလေးများကို ရည်ညွှန်းခြင်းဖြစ်သည်။

သံသယရှိသူများသည် လူမှုကွန်ရက်ပေါ်တွင် ကျော်ကြားလိုသော ရည်ရွယ်ချက်ဖြင့် လက်လုပ်ဗုံးများဖြင့် တိုက်ခိုက်ရန် အွန်လိုင်းမှတစ်ဆင့် လူများကို စုဆောင်းခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဘရာဇီးတရားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းလုပ်ဆောင်နေသော ရဲတပ်ဖွဲ့များသည် ရီယိုဒီဂျနေးရိုးပြည်နယ်တစ်ဝန်းနှင့် ဆောပေါ်လို၊ ရီယိုဂရန်းဒီဒိုဆူးနှင့် မာတိုဂရိုဆိုပြည်နယ်များတွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Mon





## အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကန့်ဘလူ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်သော်က အမျိုးသမီးများနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးကျော်မျိုးထက်က မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများ၊ မီးရှိသည်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ မီးခိုးမြူငွေ့နှင့်နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့များ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ဌာန၏ဆောင်ရွက်ချက်များ၊ အသိပညာဗဟုသုတများတိုးပွားရေးအတွက် စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန်တို့ကိုလည်းကောင်း အသိပညာပေးဆွေးနွေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ပလတ်စတစ်ညစ်ညမ်းမှု အန္တရာယ်အကြောင်းအသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၀)**

## အခမဲ့အခြေခံကွန်ပျူတာသင်တန်း ထပ်မံဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**နတ်မောက် မေ ၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် မေ ၂ ရက်မှစတင်၍ အခမဲ့အခြေခံ ကွန်ပျူတာသင်တန်း ထပ်မံဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ယနေ့ကမ္ဘာကြီးတွင် နည်းပညာများသည် တစ်စထက်တစ်စ တိုးတက်ပြောင်းလဲလျက်ရှိရာ ကွန်ပျူတာကို ခေတ်နှင့်အညီ လူသားတိုင်းတွင်ကျယ်စွာ အသုံးပြုခြင်းကြောင့်လုပ်ငန်းများ ပိုမို မြန်ဆန်ထိရောက်လာပြီး အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်ကြောင်း၊ ကွန်ပျူတာအခြေခံကို သင်ယူတတ်မြောက်စေရန်နှင့် လူငယ်များ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုတတ်စေရန် အခမဲ့ကွန်ပျူတာသင်တန်းထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခမဲ့ ကွန်ပျူတာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၈ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် သင်တန်းနည်းပြအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ဖြိုးအိအိဇော်က ကွန်ပျူတာအခြေခံဘာသာရပ်များကို တနင်္လာနေ့မှ သောကြာနေ့အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မှူမှူစန်း**

## ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရောဂါရှာဖွေကုသမှုများ ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာတွင် ဒေသခံပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေကြောင်း သိရသဖြင့် မေ ၄ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အဆိုပါ ကျေးရွာသို့ သွားရောက်၍ ရောဂါရှာဖွေကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပွင့်ဖြူမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲလင်းတိုး၏ ကြီးကြပ်မှုဖြင့် ဥယျာဉ်ကျစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်စုစုထွေး ဦးဆောင်သော အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT)မှ ကျန်းမာရေးဝန်ထမ်းများက ရေပုတ်ကြီးကျေးရွာသို့ ချက်ချင်းသွားရောက်၍ ကျေးရွာရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာခံစားနေရသော လူနာများကို စမ်းသပ်စစ်ဆေးပြီး ကျန်းမာရေးပြုစုကုသပေးခြင်း၊ ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး လူနာသစ်များ ရှာဖွေစစ်ဆေးကုသပေးခြင်း၊ ကျေးရွာတွင်းအများသုံးသောက်သုံးရေ အသုံးပြုလျက်ရှိသော ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးများခတ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများနှင့်အတူ စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## တန်ဖိုးရှိတဲ့နေ့

* ကမ္ဘာမြေ
နေရောင်ခြည် ပက်ဖျန်းလိုက်တဲ့အခါ...
ကျေးငှက်သာရကာ
တွန်သံသာကြ မြူးပျော်ကြ၏ ။


* ကမ္ဘာမြေ
နေရောင်ခြည် ပက်ဖျန်းလိုက်တဲ့အခါ...
ဤမှာ စေတီ၊ ပုထိုး
ရှိခိုးဦးတင်
ဖူးမြော်မဝ ကြည်နူးရ၏ ။

* ကမ္ဘာမြေ
နေရောင်ခြည် ပက်ဖျန်းလိုက်တဲ့အခါ...
ထိုမှာ တောင်တန်း
ညိုမှောင်သန်း၏ ။

* ကမ္ဘာမြေ
နေရောင်ခြည် ပက်ဖျန်းလိုက်တဲ့အခါ...
သတင်းစာ မြင်ရ
ငါလျှင် ဖတ် မှတ်
အသိပညာ ပွားတိုးလာ၏ ။

* ကမ္ဘာမြေ
နေရောင်ခြည် ပက်ဖျန်းလိုက်တဲ့အခါ...
ခနဥစ္စာ သုတမချို့
ဘဝခဏတာ
မမြဲခန္ဓာ အနိစ္စာမို့
ဘာဝနာအမှု
နေ့စဉ်ပြုလော့ ။ ။

**မြတ်ထေရ်ကျော်**



PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး အကြမ်းဖက်သမားခြောက်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား သုံးဦးအား အသေဖမ်းဆီးရမိမှုမှ မှတ်တမ်းဓာတ်ပုံများ။



တရားခံများ(ဝဲမှယာ) ကောင်းရှင်းသန့်(ခ) ပေါက်စီ၊ ဇင်မင်းထွန်း(ခ) ကိုမင်း၊ သက်အောင်ဖြိုး(ခ) ကောင်းကင်၊ ရောင်နီဦး(ခ) ကတုံး(ခ) ရကောက်



တရားခံများ(ဝဲမှယာ) ကျော်စိုးသူ၊ ဇင်ကိုလင်း(ခ) သားချော

# PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိနှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့၊ အကြမ်းဖက်သမားခြောက်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမားသုံးဦးအား အသေဖမ်းဆီးရမိ

နေပြည်တော် မေ ၅

PDF အမည်ခံအကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ကျူးလွန်လျက်ရှိရာ မေ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ပုဏ္ဏမီလမ်းနေ မနိုနိုဦးလွင်(၃၃)နှစ်သည် ၎င်း၏နေအိမ်နှင့် တွဲလျက်ဖွင့်လှစ်ထားသည့် Blue Liquor House ဆိုင်၌ မိသားစုဝင်များနှင့် အတူရှိနေစဉ် သေနတ်အတိုများ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားသုံးဦးက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး မနိုနိုဦးလွင်နှင့် ၎င်း၏သားဖြစ်သူ မောင်လကာ်(၃)နှစ်တို့ နှစ်ဦးအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ကယ်များဖြင့် တင်ဆောင်၍ နန္ဒဝန်ရပ်ကွက် နယ်မြေ(၈) ကွမ်းခြံဘက်သို့ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူနှစ်ဦးအား အကြမ်းဖက်သမားများက ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရလျှင်ရချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ပေးဆွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသော နန္ဒဝန်ရပ်ကွက် နယ်မြေ(၈)နေ သက်အောင်ဖြိုး(ခ) ကောင်းကင် (၂၃) နှစ် (ဘ) ဦးအောင်လင်း ကိုလည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင် ကောင်းရှင်းသန့်(ခ) ပေါက်စီ (၁၇)နှစ် (ဘ) ဦးအောင်နိုင်ဝင်း၊ ဇင်မင်းထွန်း(ခ) ကိုမင်း (၃၁) နှစ် (ဘ) ဦးသန်းထွန်းနှင့် ရောင်နီဦး(ခ) ကတုံး(ခ) ရကောက် (၂၆)နှစ် (ဘ) ဦးအောင်ဆန်းတို့ သုံးဦးကို နန္ဒဝန်ရပ်ကွက် နယ်မြေ(၈) ကွမ်းခြံအစပ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လကာ်တို့နှစ်ဦးအား ကွမ်းခြံအစပ်နှင့် မြို့ရှောင်လမ်းကြားတွင်ရှိသော သနပ်ခါးခြံအလယ်ရှိ ၎င်းတို့၏ အကြမ်းဖက်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အဆိုပါစခန်း၌ အကြမ်းဖက်အဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ တိတ်တဆိတ်ဝင်ရောက်ကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားများဖြစ်ကြသည့် ငထူး၊ ချိုကြီးနှင့် ပိုလီယိုတို့ သုံးဦးအား လက်လုပ်သေနတ်နှစ်လက်၊ ကျည်အချို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လကာ်တို့အား ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအား ပိတ်ဆို့ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ မေ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဆိုပါရပ်ကွက် သုဗောဓာရုံကျောင်းလမ်း လမ်းသွယ်အရောက်၌ မုံရွာမြို့ မြို့သစ်ရပ်ကွက်နေ ဇင်ကိုလင်း(ခ)သားချော (၃၃)နှစ် (ဘ) ဦးအောင်ကျော်သန်းနှင့် စက်မှုဇုန်ရပ်ကွက်နေ ကျော်စိုးသူ (၃၃)နှစ် (ဘ) ဦးကျော်မျိုးညွန့်တို့ နှစ်ဦးကို MG-1 လက်ပစ်ဗုံးတစ်လုံး၊ ကျည်ကာအင်္ကျီတစ်ထည်၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်အရ သက်အောင်ဖြိုး (ခ) ကောင်းကင်၏ နေအိမ် အရှေ့မြေကြီးအတွင်းမှ ဆာလာအိတ်ဖြင့်ပတ်၍ မြှုပ်နှံထားသည့် MA-2 သေနတ်တစ်လက်၊ ဘောက်ပိုင်းတစ်ခု၊ ၎င်းကျည် ၄၆ တောင့်၊ လက်လုပ်သေနတ်နှစ်လက် (ကျည်အိမ်တပ်လျက်)၊ ၎င်းကျည်လေးတောင့် 91 လက်ပစ်ဗုံးတစ်လုံးတို့အား ဖော်ထုတ်သိမ်းဆည်း ရရှိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုကြောင့် PDF အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လကာ်တို့နှစ်ဦးအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင်အကျပ်ကိုင်ကာ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အသင်းသားများအား ထောက်ပံ့ငွေများ ထုတ်ပေး

ထားဝယ် မေ ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကိုတနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ အသင်းသားများ၊ ကျန်ဌာနပေါင်းစုံ ၂၀ မှ အသင်းသားများ တက်ရောက်ကြသည်။ အဆိုပါ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းမှ အသင်းသား ၂၄၈ ဦးအား စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၅၇၀၉၁၇၂၊ အစုပေါ်အမြတ်ငွေကျပ် ၇၉၄၈၅၉ နှင့် ထောက်ပံ့ငွေကျပ် ၄၂၈၀၀၀၀ စုစုပေါင်းငွေကျပ် ၂၀၇၈၄၀၃၁ ထုတ်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “War War Naing” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဝါဝါနိုင် (ခ)မညို့အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**အဆောက်အအုံနှင့် ကုန်ရုံဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် မန္တလေး(၆)မြို့နယ်အတွင်း လမ်းမီးထွန်းခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် ယာဉ်အသွားအလာ ရှုပ်ထွေးသောနေရာများတွင် မီးပွိုင့်များဖြည့်စွက်တပ်ဆင်ရန်အတွက် လိုအပ်သော မီးတိုင်၊ မီးလုံး၊ မီးကြိုး၊ Transformer, Battery & Inverter မြို့တော်ခန်းမအတွင်း လိုအပ်သော LED မီးလုံး၊ စတိတ်စင်ဆလိုက်မီးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ LED မီးပွိုင့်၊ CCTV ကင်မရာ၊ Solarနှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - (၆-၅-၂၀၂၅)မှ (၂၀-၅-၂၀၂၅)ထိ |
| (ခ) | တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - (၂၀-၅-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - (၂၆-၅-၂၀၂၅)ရက်၊ (ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (င) | တင်ဒါလျှောက်လွှာတစ်စုံဈေးနှုန်း | - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |

၂။ သတ်မှတ်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဖုန်း ၀၉-၄၄၄၀၀၈၂၂၀၊ ၀၉-၄၄၁၅၄၅၆၄၂၊ ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် မေ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်ကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ငလျင်ဒဏ်သင့်ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်နိုင်ရေး ကျောက်ဆည်ခရိုင် လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ကြီးကြပ်မှုဖြင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းအဖွဲ့မှ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများကို ဖျောက်ဆိပ်ပင်ကျေးရွာ ဓမ္မာရုံတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကျောက်ဆည်မြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် လူများသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ နေအိမ်များပြိုလဲပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော ပြည်သူများအား လူဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ဖွဲ့စည်းပေးထားသော စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်းအဖွဲ့(Psycho-social Support Team)သည် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများကို ကျေးရွာများရှိ ပြည်သူများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး**



## မိသားစုဝင်ငွေရရှိရေး မုန့်လုပ်နည်းသင်တန်းဖွင့်လှစ်

**ဆီဆိုင် မေ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မုန့်လုပ်နည်းဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ခင်မော်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်တဲ့သင်တန်းမှာ ရွှေကြည်ဆနွင်းမကင်း၊ နံကတိုင်၊ Cookies(ကွတ်ကီး) စသည့် မုန့်အမျိုးအစား သုံးမျိုးပြုလုပ်ခြင်းကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် သင်တန်းသားများ ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ယခုလိုသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ ကိုယ်ပိုင်လုပ်ငန်း ထူထောင်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်းနှင့် သင်တန်းအား အကျိုးရှိစွာ သင်ယူတတ်မြောက်ကြရန်တို့ကို ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များက သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် သင်တန်းအထောက်အကူပြု ချီးမြှင့်ငွေများကို ပေးအပ်ကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ လက်ခံရယူခဲ့ကြသည်။

အဆိုပါသင်တန်းကို ဆီဆိုင်မြို့နယ်အတွင်းရှိ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး ရွှေကြည်ဆနွင်းမကင်း၊ နံကတိုင်၊ Cookies(ကွတ်ကီး)စသည့် မုန့်အမျိုးအစား သုံးမျိုးပြုလုပ်နည်းအား စာတွေ့၊ လက်တွေ့ဖြင့် တစ်ရက်တာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းတွင် အာဟာရဒါနလှူဒါန်း

**မန္တလေး မေ ၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ဈေးအရှေ့ဘက် ရန်အောင်မင်္ဂလာလမ်း မြောက် ဥယျာဉ်ရပ်ကွက် ခန္ဓာတိုက်ရှိ အမှတ်(၂၅) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းတွင် မေ ၄ ရက် နံနက်ပိုင်းက မန္တလေးမြို့နေ ကွယ်လွန်သူ ဦးတင်မောင်ဆွေအား ရည်စူး၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မိဘမဲ့ကလေးငယ် ၅၀၀ ကျော်အား နံနက်စာ ထမင်း၊ ဟင်းလျာများ ကုသိုလ်ပြုလှူဒါန်းခြင်း ကျင်းပသည်။

YEC ရတနာပန်းခင်း မိဘမဲ့ကျောင်းတွင် လသားကလေးအရွယ်မှ တက္ကသိုလ်ဝင်တန်းအရွယ်ထိ တိုင်းရင်းသား ပရဟိတကလေးငယ်ဦးရေ ၅၀၀ ကျော်ရှိပြီး ကလေးငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေး၊ စားဝတ်နေရေးများအတွက် ထောက်ပံ့ကူညီလှူဒါန်းလိုပါက ကျောင်းတာဝန်ခံဆရာတော် ဖုန်း ၀၉-၂၅၆၅၅၀၀၂၁၁၊ ၀၉-၇၇၅၅၄၄၂၅၅ သို့ ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

**(ယာပုံ)**
**(၀၇၀)**



## မိုးဦးရာသီအစမှာ ပဲစင်းငုံ စိုက်ပျိုးကြပါ "ပဲစင်းငုံ စိုက်ပျိုးနည်းပညာ"

မြန်မာအမည် - ပဲစင်းငုံ
အင်္ဂလိပ်အမည် - Pigeon Pea
သိပ္ပံအမည် - Cajanus cajan

**မြေအမျိုးအစား**

မြေနီကျောက်စရစ်၊ မြေနီသဲဝန်း၊ စနယ်မြေ၊ နုန်းမြေစေးတို့တွင် ကောင်းစွာဖြစ်ထွန်းသည်။ မြေချဉ်ငန်ကိန်း (၅ ဒသမ ၅-၆ ဒသမ ၅)အတွင်းရှိ မြေမျိုးတွင် စိုက်ပျိုးရန် သင့်လျော်သည်။

**မျိုးရွေးချယ်ခြင်း**

ပဲစင်းငုံတွင် ပင်ပြန့်နှင့်ပင်ထောင်ဟူ၍ အခြေခံမျိုးကြီးနှစ်မျိုးရှိရာ သက်တမ်းအလိုက်မျိုးများ သတ်မှတ်ထားသည်။

(က) သက်ကြီးမျိုး (ကျွဲခြံ၊ ရွှေဒင်္ဂါး)၊ (ခ) သက်လတ်မျိုး(ရေဆင်း-၄)၊ (ဂ) သက်ငယ်မျိုး(ရေဆင်း-၃)တို့ဖြစ်သည်။ မျိုးအဖြစ် ရွေးချယ်ရန် အပင်ပေါက်ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်းရှိရမည်။

**မြေယာပြုပြင်ခြင်း**

နွားထယ်နှစ်စပ်(သို့) ၁၆ သွားထွန်နှစ်စပ်ထွန်ပါ။ ထယ်ရေးညက်အောင် ထွန်ဖြင့် ထယ်စာခဲခြေပါ။ သက်ကြီးမျိုးအတွက် တန်းကြား×ပင်ကြား ၄ပေခွဲ× ၁ပေ၊ သက်လတ်မျိုးအတွက် တန်းကြား×ပင်ကြား ၃ပေ×၁ပေ၊ သက်ငယ်မျိုးအတွက် တန်းကြား× ပင်ကြား ၂ပေ×၆ လက်မထား၍ စိုက်ကြောင်းများ ဆွဲရမည်။ စိုက်ကြောင်းထဲတွင် မြေဆွေးနှင့် ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ် မြေဩဇာအရောကို ထည့်ပါ။ စိုက်ပျိုးရန် အသင့်ပြင်ထားရပါမည်။



**တစ်ဧကအပင်အရေအတွက်**

တစ်ဧကအတွက် အပင်ဦးရေမှာ သက်ကြီးမျိုးအတွက် ၉၆၀၀ ပင်၊ သက်လတ်မျိုး ၁၄၀၀၀ ပင်၊ သက်ငယ်မျိုး ၄၃၀၀၀ ပင် ဝင်ဆံ့ရမည်။

**စိုက်ပျိုးရမည့်အချိန်**

သက်ကြီးမျိုးနှင့် သက်လတ်မျိုးကို မေလနှင့် ဇွန်လတွင် အပြီးစိုက်ပျိုးရန်ဖြစ်သည်။ သက်ငယ်မျိုးကို ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာပထမပတ်အတွင်း အပြီးစိုက်ပျိုးရမည်။

**စိုက်ပျိုးခြင်း**

မျိုးစေ့များကို အသက်ရက်အလိုက် သတ်မှတ်ထားသည့် အတန်းကြား×ပင်ကြားများအတိုင်း စိုက်တန်းမြောင်းများတွင်ချစိုက်၍ မြေဖုံးပေးရပါမည်။ ပဲစင်းငုံ တစ်ဧကအတွက် ယူရီးယား ၂၈ ပေါင်၊ တီစူပါ ၁၀၀ ပေါင်၊ ပိုတက်ရှ် ၁၀၀ ပေါင်၊ ဂျစ်ပဆမ် ၁၀၀ ပေါင်တို့ကို မြေခံအဖြစ် ထည့်ပေးရပါမည်။ စိုက်ပျိုးပြီး နှစ်ပတ်သားမှစ၍ ပန်းပွင့်ချိန်အထိ အထွက်တိုး ရွက်ဖျန်းအားဆေးအရည် (၄-၅)ကြိမ်ဖျန်းပေးပါ။ တန်းကြား၌ ပေါင်း၊ မြက်များ ပြောင်စင်အောင်လက်ပေါင်းလိုက်ပေးရမည်။ စိုက်ကြောင်းအတွင်းသို့ မျိုးစေ့မချမီ မျိုးစေ့ကို မျိုးစေ့လူးနယ်ဆေး တစ်မျိုးမျိုးနှင့် လူးနယ်စိုက်ပျိုးပေးပါ။

သက်ကြီးပဲစင်းငုံမျိုးများ စိုက်လျှင် တန်းကြား၌ မြေပဲ၊ နှမ်းလျှင်၊ ပဲမျိုးစုံ၊ အစေ့ထွက်ပြောင်း၊ နှံစားပြောင်းတို့နှင့် သီးညှပ်စိုက်ပျိုးနိုင်သည်။ ပဲစင်းငုံမပေါ်မီ ကြားသီးနှံများက နုတ်သိမ်းရသဖြင့် အပိုဝင်ငွေရရှိနိုင်သည်။

**ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းခြင်း--**

(က) ရောဂါသယ်ဆောင်လာသော စုပ်စားပိုးအမျိုးမျိုးကို ပန်းမပွင့်မီ ကြိုတင်ကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများမှ တစ်မျိုးမျိုးကို အသုံးပြုပေးရမည်။

(ခ) သီးတောင့်တွင် ကျရောက်တတ်သည့် သီးလုံးဖောက်ပိုးကို ပန်းမပွင့်မီကြိုတင်ကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများမှ တစ်မျိုးမျိုးကို အသုံးပြုပေးရမည်။

**ရိတ်သိမ်းခြင်း**

သီးတောင့်အားလုံး ၇၅ ရာခိုင်နှုန်း အဝါရောင်ပြောင်းလာပါက စတင်ရိတ်သိမ်းနိုင်သည်။

**အောင်မြင့်မြတ်**
**(စိုက်ပျိုးရေးသတင်းထောက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ . . .**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝနေမှသာ သင်ရိုးမာတိကာပါ အကြောင်းအရာများသာမက လက်တွေ့သင်ကြားရေးနှင့် ပြင်ပလုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက်ပါ စာတွေ့နှင့် လက်တွေ့ ချိတ်ဆက်လေ့ကျင့်ပေးနိုင်

နေပြည်တော် မေ ၅

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် Grade-10, Grade-11, Grade-12 သင်ကြားမည့် သင်ကြားရေးမွမ်းမံသင်တန်း တက်ရောက်နေသော ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ သင်တန်းပို့ချမည့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

**ကြိုတင်ပြင်ဆင်လေ့လာ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အခြေခံစိုက်ပျိုးမွေးမြူရေး ပညာရပ်များ တတ်မြောက်သူများအဖြစ် ပြုစုပျိုးထောင်ပေးရမည့် သင်ကြားလေ့ကျင့်ပေးသူ ဆရာ ဆရာမများအနေဖြင့် ကိုယ်တိုင်စေတနာ၊ ဝါသနာကို အခြေခံပြီး မိမိတို့ကိုယ်တိုင် တတ်မြောက်ထားသည့် ပညာရပ်များကို မျှဝေသင်ကြားပို့ချရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးမည့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝနေမှသာ သင်ရိုးမာတိကာပါ အကြောင်းအရာများသာမက လက်တွေ့သင်ကြားရေးနှင့် ပြင်ပလုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက်ပါ စာတွေ့နှင့် လက်တွေ့ ချိတ်ဆက်လေ့ကျင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားရေး ဆရာ ဆရာမအဖြစ် ပြောင်းလွဲ တာဝန်ထမ်းဆောင်ကြရသူများအနေဖြင့် စိုက်ပျိုး-မွေးမြူရေး ပညာပေးဝန်ထမ်းအဖြစ်မှ မတူညီသည့် သင်ကြားရေးနယ်ပယ်တွင် တာဝန်ယူရမည်ဖြစ်သည့်အတွက် သင်ကြားရေးနည်းစနစ်များ၊ ကြိုတင်ပြင်ဆင်လေ့လာလေ့ကျင့်ရမည့် သင်ခန်းစာအကြောင်းအရာများ၊ အကဲဖြတ်အမှတ်ပေးစနစ်များသည် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ပညာရေးလမ်းကြောင်းကို အဆုံးအဖြတ်ပေးရန် အရေးပါသည့် အရာများဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက သင်တန်းကာလအတွင်း လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် စားသောက်နေထိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြကြောင်းနှင့် သင်တန်းသို့ ဆရာ ဆရာမ ၃၈၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်

---




## မြဝတီအသင်းက Silver Stars အသင်းအား ၆ဂိုး၊ ၁ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် မေ ၅

MNL League Cup 2025(Group-D) ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက မြဝတီအသင်းနှင့် Silver Stars အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြဝတီအသင်းက Silver Stars အသင်းအား ၆ဂိုး၊ ၁ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြဝတီအသင်းအတွက် သွင်းဂိုး ၆ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် သီဟအောင်၊ ပွဲချိန် ၄၄မိနစ်၊ ၇၆မိနစ်၊ ၈၃မိနစ်တွင် နိုင်ဇင်ထက်၊ ပွဲချိန် ၇၈မိနစ်တွင် ကောင်းထက်လင်း၊ ပွဲချိန် ၈၈ မိနစ်တွင် သူသူအောင်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

MNL League Cup 2025(Group-D) ပွဲစဉ်တွင် AYA Pay Man Of The Match အကောင်းဆုံး ကစားသမားဆုကို မြဝတီအသင်းမှ နိုင်ဇင်ထက်(ကျောနံပါတ်-၁၇)က ဆွတ်ခူးရရှိခဲ့သည်။

မြဝတီအသင်းသည် MNL League Cup 2025(Group-D) ပွဲစဉ်အဖြစ် လာမည့် မေ ၁၁ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဒဂုံစတားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(NGB)